


အမွှေးအကြိုင်ကို လူတိုင်းနှစ်သက်ကြပါတယ်၊ အထူးသဖြင့် အမျိုးသမီးများ ပိုပြီးသုံးစွဲကြပါတယ်၊ မိမိတို့ကိုယ်မှမွှေးကြိုင်သင်းပြန့်တဲ့ အနံ့များထွက်ရအောင်ရေမွှေးအမျိုးမျိုး နံ့သာအမျိုးမျိုး၊ ပေါင်ဒါအမျိုးမျိုးကိုသုံးစွဲလေ့ ရှိကြပါတယ်။

ဓမ္မဟောင်းခေတ်တုန်းကလည်း အမျိုးသမီးများဟာ နံ့သာမှုန့်၊ ပေါင်ဒါမှုန့်အိပ်များ ကိုမိမိတို့အင်္ကျီများအတွင်းမှာ ကပ်ပြီးချိတ်ထားကြပါတယ်။ ဒါမှလမ်းသွားတဲ့အခါ အမွှေးနံ့များ ထွက်လာပါတယ်၊ တချို့လည်းအဖိုးတန် ရေမွှေးများကို စွတ်ဖြန်းခြင်းပြုလုပ်ကြပါတယ်။

အချို့ရေမွှေးများသည်အချိန်တော်တော် နှင့်အနံ့မပယ်ဘဲ ရှိနေတတ်ပါတယ်၊ ကျွန်မဆေးရုံတက်စဉ်က သတင်းလာမေးတဲ့ ညှော်သည်တွေထဲမှာအမျိုးသမီးကြီးနှစ်ယောက်သုံးတဲ့ရေမွှေးဟာ အလွန်ဘဲမွှေးပြီး သူတို့အခန်းထဲဝင် လာတာနဲ့ သင်းပြန့်ပြီးနေပါတယ်၊ သူတို့ပြန်သွားပြီးရင်တောင်နာရီဝက်လောက် ရေမွှေးနံ့ရနေပါတယ်။ ဒါကြောင့်သည်အမျိုးသမီးကြီးများ လာရင်ဘေးကလူနာများပါပြုံးရွှင်လာပါတယ်၊ စိတ်ကြည်နူးလာပါတယ်။ ဒါဘာပြသလဲဆိုရင် လူတွေဟာအမွှေးအကြိုင်ကို ဘယ်လောက်ကြိုက်သလဲဆိုတာပါဘဲ။ ယနေ့ကျွန်မတို့အတွက် သင်ခန်းစာယူဖို့ သမ္မာကျမ်းစာက ဖော်ပြထားတဲ့အမွှေးအကြိုင်ကတော့ ''သခင်ခရစ်တော်ကိုသိခြင်း၏အမွှေးအကြိုင်''ဆိုတဲ့အချက်ပါဘဲ။ သည်စကားကိုသုံးတဲ့ပုဂ္ဂိုလ်က ရှင်ပေါလုဘဲဖြစ်တယ်။ ကောရိန္တုမြို့ရှိ အသင်းတော်ဟာ ပြသနာရှုတ်ထွေးပြီး နေခဲ့ပါတယ်။ တစ်စုံတယောက်က အသင်းတော်ကို တော်လှန်ပုန်ကန်ဖို့စည်းရုံးခဲ့ပါတယ်၊ သည်ပုဂ္ဂိုလ်ဟာ ပေါလုပထမအကြိမ် ကောရိန္တုမြို့ကိုရောက်ခဲ့စဉ်က မထီမဲ့မြင်ပြုခဲ့လို့ ပေါလုဟာစိတ်နာကြည်းခဲ့ပါတယ်။ ဒါကြောင့်ပေါလုက ကောရိန္တုအသင်းတော်ကို ကောင်းစွာသတိပေးခဲ့ပါတယ်။ နောက်တစ်ကြိမ် ကောရိန္တုသို့ ပြန်မလာချင်သည့်တိုင် ဖြစ်ခဲ့ပါတယ်။ သို့သော် ကောရိန္တုက ပထမအကြိမ်ပြန်သွားပြီးနောက် ပြင်းထန်သော စာတစ်စောင်ရေးလိုက်သည့်အတွက် အခြေအနေပြောင်းသွားခဲ့ပါတယ်။ အဲသည်နောက် ဧဝံဂေလိတရားဟောသွားရင်း တရောမြို့ကိုရောက်တဲ့အခါ တိတုကိုမတွေ့လို့ ချက်ချင်းဘဲ မာကေဒေါနိပြည်ကို လိုက်သွားရာ တိတုနဲ့တွေ့ခဲ့ပါတယ်၊ တိတုကကောရိန္တု အသင်းတော်ရဲ့ ပြောင်းလဲတဲ့အခြေအနေ ဝမ်းမြောက်စရာသတင်းကို ပြောပြတဲ့အခါပေါလုက အောင်မြင်ခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းကြွေးကြော်ခဲ့ပါတယ်၊ဒီ ကြွေးကြော်သံကတော့---

. . ဒါကြောင့်သည်အမျိုးသမီးကြီးများလာရင် ဘေးကလူနာများပါပြုံးရွှင်လာပါတယ်၊ စိတ်ကြည်နူးလည်ပါတယ်၊ ဒါဘာပြသလဲဆိုရင် လူတွေဟာ အမွှေးအကြိုင်ကို ဘယ်လောက်ကြိုက်သလဲဆိုတာပါဘဲ . . .

''ငါတို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲကို အစဉ်ခံစေခြင်းငှါ၄င်း၊ ထိုသခင်ကိုသိခြင်း၏အမွှေးအကြိုင်သည် ငါတို့အားဖြင့် အရပ်ရပ်တို့၌နံ့ပြားစေခြင်းငှါ၄င်း၊ ပြုတော်မူသောဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းခြင်း ရှိစေသတည်း''(၂ကော ၂း၁၄) လို့ဖြစ်ပါတယ်။ တခါဆက်လက်ပြီး ''ငါတို့သည် ကယ်တင်သောသူတို့၌၄င်း၊ ဆုံးရှုံးသောသူတို့၌၄င်း၊ ဘုရားသခင်အား ခရစ်တော်၏ အမွှေးအကြိုင်ပင်ဖြစ်ကြ၏။ ဆုံးရှုံးသောသူတို့၌ကား သေခြင်းတိုင်အောင်သေခြင်း၏အမွှေးအကြိုင်ပင်ဖြစ်ကြ၏။ ကယ်တင်သောသူတို့၌ကား အသက်ရှင်ခြင်းတိုင်အောင်အသက်ရှင်ခြင်း၏ အမွှေးအကြိုင်ဖြစ်ကြ၏'' (၂ကော ၂း၁၅)လို့ဖော်ပြထားပါတယ်။

ပေါလုရဲ့စိတ်ထဲမှာပေါ်လာတာကတော့ ခရစ်တော်ဟာ အောင်မြင်စွာနှင့် လောကကိုကြွလာပြီး အောင်ပွဲခံခဲ့တဲ့သခင်ခရစ်တော်နှင့်အတူ ပေါလုဟာလည်း ပါလာခဲ့တယ်လို့ခံယူပါတယ်။

ခရစ်တော်ရဲ့ ဧဝံဂေလိတရားကို လက်ခံပြီး ခရစ်တော်နှင့်အတူအောင်ပွဲခံသူများ၊ ကယ်တင်ခြင်းခံရသူများအဖို့ကတော့ တမန်တော်များဟာအသက်ရှင်ခြင်းရဲ့ အမွှေးအကြိုင်များဖြစ်ကြပါတယ်။ ဧဝံဂေလိတရားကိုငြင်းပယ်သူများကတော့ ဆုံးရှုံးခြင်းကိုရောက်ရှိကြမှာမို့ သူတို့အတွက်ဆိုရင် သေခြင်းရဲ့အမွှေးအကြိုင်ဖြစ်တယ်လို့ တင်စားရေးသားထားပါတယ်။

## ၁။ ကျွန်မတို့ဟာ သခင်ခရစ်တော်ကိုတကယ် သိသလား?

သခင်ခရစ်တော်အကြောင်းကို သိခြင်းနှင့် သခင်ခရစ်တော်ကိုတကယ်သိခြင်း ကွာခြားပါတယ်။ အချို့ပုဂ္ဂိုလ်များဟာ ခရစ်တော်အကြောင်း စာပေများလေ့လာပြီး တော်တော်သိကြပါတယ်။

ဒါပေမဲ့ သူတို့ဟာ ခရစ်တော်ရဲ့တပည့်တော်များ နောက်လိုက်များဖြစ်မလာဘူး၊ ဘာကြောင့်လဲဆိုရင် သူတို့ဟာခရစ်တော်ကိုတကယ်မသိလို့ပါဘဲ။ ခရစ်တော်ကိုအမှန်တကယ်သိခြင်းကတော့ ခရစ်တော်နဲ့ထိတွေ့မှုရှိသူ ခရစ်တော်ရဲ့အမှုတော်ကိုနားလည်သူ (အသွေးသွန်း ကယ်တင်ခြင်း) ခရစ်တော်ရဲ့မေတ္တာကိုခံစားရသူ၊ ခရစ်တော်ရဲ့မေတ္တာကိုပြန်လည်တုန့်ပြန်သူတို့ဖြစ်ပါတယ်။ သခင်ခရစ်တော်ကိုမသိလျှင် ခရစ်တော်ကို ဤလောကသို့စေလွှတ်တော်မူသော ခမည်းတော်ကိုမသိနိုင်ကြပါ။ ''ယေရှုက ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့ မဝင်ရ၊ မရောက်ရ၊ သင်တို့သည်ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေရကြ'' (ယော ၁၄း၆) လို့ ဖော်ပြထားပါတယ်။ ကျွန်မတို့ဟာ ခရစ်တော်ကိုမသိ (လက်မခံရင်)ဘုရားသခင်ကိုမသိနိုင်ပါ၊ ထာဝရရှင်ခြင်း အသက်ကိုလည်း မရရှိနိုင်ပါ။



## ၂။သခင်ခရစ်တော်ကိုသိကြွမ်းသူတို့၏လက္ခဏာ

သခင်ခရစ်တော်သည် မိမိအတွက်ကယ်တင်ရှင်အဖြစ် သေသေချာချာလက်ခံတဲ့သူကတော့ မိမိအသက်တာကိုကိုယ်တော့်လက်သို့ ပုံအပ်လိုက်တတ်ပါတယ်။ သည်လိုပုံအပ်လိုက်ပြီးနောက် ကိုယ်လုပ်ချင်တာမလုပ်တော့ဘဲ သခင်ခရစ်တော်လုပ်စေချင်တာတွေကို ဆက်လက်ဆောင်ရွက်တတ်ပါတယ်။ စစ်ပွဲမှာအရေးနိမ့်လို့ လက်နက်ချပြီးပြီဆိုလျှင် လက်နက်ချလိုက်တဲ့ဘက်က အနိုင်ရတဲ့ဘက်ကို လုံးလုံးပုံအပ်လိုက်ရပါတယ်၊ လက်နက်ခဲယမ်းမီးကျောက်စားနပ်ရိက္ခာမှအစ၊ မိမိတို့ကိုယ်ကိုပါပေးအပ်ရပြီး အဲသည်အနိုင်ရသူရဲ့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုအောက်မှာ အသက်ရှင်ရပါတယ်။ ထွက်ပြေးလို့လည်းမရတော့ပါဘူး။

. . ဆရာကြီးယုဒသန်ဟာ မိမိအသက်တာကို ခရစ်တော်အဖို့လုံးလုံး ဆက်ကပ်အပ်နှံပြီး အမှုတော်ဆောင်ခဲ့တဲ့အတွက် သူ့ရဲ့သခင်ခရစ်တော်ကိုသိကျွမ်းခြင်း အမွေးအကြိုင်ဟာ ယနေ့အထိမြန်မာနိုင်ငံတွင် သာမကကမ္ဘာမှာပင် မွှေးကြိုင်နေဆဲဖြစ်ပါတယ်. . .

သည်အတိုင်းဘဲ ခရစ်တော်အပေါ်ပုံအပ် လိုက်ပြီးပြီဆိုလျှင် ကျွန်မတို့အသက်တာဟာ ပြောင်းလဲသွားရပါတယ်။ သည်လိုပြောင်းလဲမှသာ ကျွန်မတို့ဟာခရစ်တော်ကိုသိကြွမ်းခြင်းအမွေးအကြိုင်ဖြစ်လာနိုင်ပါတယ်။ အဲသည်ခရစ်တော်ကိုသိကြွမ်းခြင်းအမွေးအကြိုင်ဖြစ်လာမှ ကျွန်မတို့နှင့်ထိတွေ့တဲ့လူတွေဟာ သည်အမွှေးအကြိုင်ကိုရပါလိမ့်မယ်။

ရှင်ပေါလုရဲ့အသက်တာကိုကြည့်ရင် ဒမသက် သွားရာလမ်းမှာ ခရစ်တော်ကိုတွေ့ပြီး သူ၏အကျင့်ဆိုးများကို ပယ်ဖျက်ကာ မိမိကိုယ်ကိုခရစ်တော်အား လုံးလုံးအပ်နှံပြီးပြောင်းလဲသွားခဲ့ပါတယ်။ သူ့ဘဝတစ်ခုလုံးဟာ ခရစ်တော်အတွက်ဆိုတဲ့သဘောပါဘဲ။ ခရစ်တော်သာလျှင် သူ့ဘဝကိုအုပ်ထိန်းပြီး အသုံးပြုတယ်လို့ ဆိုလိုပါတယ်။ ခရစ်တော်အတွက်ဆိုလျှင် ဘာဘဲဖြစ်ဖြစ် ဝမ်းသာရွှင်လန်းစွာ လုပ်မယ်သည်းခံပြီး ဆောင်ရွက်မယ်၊ အနစ်နာခံမယ် ဆိုတဲ့စိတ်ဓါတ်အပြည့်အဝရရှိခဲ့ပါတယ်။ ရှင်ပေါလုကဲ့သို့ ဆက်ကပ်အပ်နှံခဲ့တဲ့ သာသနာ့ခေါင်းဆောင်များစွာပေါ်ပေါက်ခဲ့ပါတယ်။ ဥပမာ ဆရာကြီးယုဒသန် ဟာမိမိအသက်တာကို ခရစ်တော်အဖို့လုံးလုံး ဆက်ကပ်အပ်နှံပြီး အမှုတော်ဆောင်ခဲ့တဲ့အတွက် သူ့ရဲ့သခင်ခရစ်တော်ကိုသိကျွမ်းခြင်း အမွေးအကြိုင်ဟာ ယနေ့အထိမြန်မာနိုင်ငံတွင် သာမကကမ္ဘာမှာပင်မွှေးကြိုင်နေဆဲဖြစ်ပါတယ်။



ဆရာမကြီးဒေါ်ဝင်းမြ(M.R.E)

*Pacific School of Religion(USA)၏တရား ဟောချက်များစာအုပ်မှကောက်နှုတ်ထားပါသည်။*